# ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ
## ၁၉၂၄ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ အမှတ် ၁၉။
## ၁၉၂၄ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၃ ရက်

၁။ * * * *

အဓိပ္ပာယ်ဖော်ပြချက်များ။ ၂။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားစပ်နှင့် ဖြစ်စေ ဆန့်ကျင်ချက် တစ်စုံတစ်ရာ မရှိလျှင်-

အနက်အဓိပ္ပါယ် ဖွင့်ဆိုခြင်း။

(က) [၁]ကုန်လမ်းအကောက်ခွန်နယ်မြေအတွင်းသို့ ရောက်ရှိလာသည့် အကောက်ခွန်ပေးဆောင်ထိုက်သည့် ကုန်စည်ကို နည်းလမ်းတစ်မျိုးမျိုးဖြင့် ဖြတ်သန်းသယ်ဆောင်ခြင်း၊ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းဟူသည့် စကားရပ်တွင် ပိုက်လိုင်းများ၊ မြေအောက်ကေဘယ်ကြိုးများ သို့မဟုတ် အခြားအီလက်ထရောနစ်နည်းလမ်းများမှ တစ်ဆင့်ပြည်ပနယ်စပ်တစ်နေရာသို့ ဖြတ်သန်းသယ်ဆောင်ခြင်း၊ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းတို့ ပါဝင်သည်။

(ခ) "ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး"[၂] ဆိုသည်မှာ ဘဏ္ဍာတော်မင်းကြီးအက်ဥပဒေပုဒ်မ ၂ အရ ဘဏ္ဍာရေးဝန်ကြီးဌာနက ခန့်အပ်သည့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။[၃]

(ဂ) "အခွင့်ရအကောက်ခွန်အရာရှိ" ဆိုသည်မှာ ပုဒ်မ ၃ အရ ခန့်အပ်သည့် အခွင့်ရအကောက်ခွန်အရာရှိကို ဆိုသည်။

(ဃ) "အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်" ဆိုသည်မှာ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၃

---

[၁] ၂၀၁၅ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် အက်ဥပဒေ (ဥပဒေအမှတ် ၁၄/၂၀၁၅) ပုဒ်မ ၃ အရ အစားထိုးသည်။

[၂] ၁၉၅၉ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ (ပြင်ဆင်ချက်) [Land Customs (Amendment)] Act, 1959] ဥပဒေအမှတ် (၂၀/၅၉)၊ ပုဒ်မ ၂ အရ အစားထိုးသည်။ ၂၀၁၅ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် အက်ဥပဒေ (ဥပဒေအမှတ် ၁၄/၂၀၁၅) ပုဒ်မ ၂ အရ [President of the Union, Union of Burma, Financial Commissioner, Commissioner of Customs, Collector of Land Customs) စကားရပ်များကို အစားထိုးသည်။

[၃] ၁၉၅၉ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ (ပြင်ဆင်ချက်) (ဥပဒေအမှတ် ၂၀/၅၉) အရ အစားထိုးသည်။

(ခ) အရ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

( င) “ပြည်ပနယ်စပ်” ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ နယ်မြေအစိတ်အပိုင်းတစ်ခုခုနှင့် ပြည်ပနယ်မြေတစ်ခုခုကို ပိုင်းခြားထားသည့် နယ်စပ်ကို ဆိုသည်။

(စ) “ပြည်ပနယ်မြေ” ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနယ်နိမိတ်ပြင်ပရှိနယ်မြေ သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။

(ဆ) “ကုန်းလမ်းအကောက်ခွန်ဧရိယာ” ဆိုသည်မှာ ပုဒ်မ ၃ အရ အခွင့်ရအကောက်ခွန်အရာရှိ ခန့်အပ်လျက် တာဝန်ပေးထားသည့် ဧရိယာတစ်ခုခုကို ဆိုသည်။

ကုန်းလမ်းအကောက်ခွန်အရာရှိများ ခန့်အပ်ခြင်း။

၃။ (၁) ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသည့် ဧရိယာတစ်ခုခုအတွက် အခွင့်ရအကောက်ခွန်အရာရှိတစ်ဦးနှင့် ကုန်းလမ်းအကောက်ခွန်အရာရှိများအဖြစ် သင့်လျော်သည်ဟု ထင်မြင်သည့် အခြားပုဂ္ဂိုလ်များကို ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်၍ ခန့်အပ်နိုင်သည်။

(၂) ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (၁) အရ ကုန်းလမ်းအကောက်ခွန်အရာရှိများ ခန့်အပ်ရန် ၎င်းအား အပ်နှင်းထားသည့် အခွင့်အာဏာတစ်ရပ်ရပ်ကို အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လွှဲအပ်နိုင်သည်။[၆]

ကုန်းလမ်းအကောက်ခွန်စခန်းများ ဖွင့်လှစ်တည်ထောင်

၄။ [၇]အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည်-

---

၆ ၁၉၅၉ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ (ဥပဒေအမှတ် ၂၀/၁၉) ပုဒ်မ ၃ အရ အစားထိုးသည်။

၇ ၁၉၅၆ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ (ဥပဒေအမှတ် ၁၃/၅၆) ပုဒ်မ ၄ အရ အစားထိုးသည်။

ခြင်းနှင့် လမ်းကြောင်းများ သတ်မှတ်ခြင်း။

(က) မည်သည့် ကုန်းလမ်းအကောက်ခွန်ဧရိယာတွင်မဆို ကုန်းလမ်းအကောက်ခွန်စခန်းများကို အမိန့်ကြော်ငြာစာဖြင့် တည်ထောင်နိုင်သည်။

(ခ) ကုန်စည်အားလုံးကို ပြည်ပနယ်မြေမှ သို့မဟုတ် ပြည်ပနယ်မြေသို့ဖြစ်စေ၊ ပြည်ပနယ်စပ်မှ ကုန်းလမ်းအကောက်ခွန်စခန်းတစ်ခုခုသို့ သို့မဟုတ် ကုန်းလမ်းအကောက်ခွန်စခန်းတစ်ခုခုမှ ပြည်ပနယ်စပ်သို့ဖြစ်စေ ကုန်းလမ်းမှ ဖြတ်သန်းသယ်ဆောင်နိုင်သည့် လမ်းကြောင်းများကို အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။ ထို့ပြင်

(ဂ) မည်သည့် ကုန်းလမ်းအကောက်ခွန်ဧရိယာတွင်မဆို နယ်စပ်အခြေစိုက်စခန်းများနှင့် စစ်ဆေးရေးဂိတ်များကို အမိန့်ဖြင့် ဖွင့်လှစ်တည်ထောင်နိုင်သည်။

နယ်စပ်ဒေသများကို ဖြတ်သန်းသယ်ဆောင်လာသည့် ကုန်စည်အတွက် ခွင့်ပြုချက်ပါမစ်။

၅။ (၁) အကောက်ခွန်စည်းကြပ်ထိုက်သည့် သို့မဟုတ် မစည်းကြပ်ထိုက်သည့် ကုန်စည်တစ်မျိုးမျိုးကို ဖြတ်သန်းသယ်ဆောင်လိုသူ တစ်ဦးဦးသည် ဤအက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ပါ နည်းလမ်းများဖြင့် ပြည်ပနယ်မြေမှ သို့မဟုတ် ပြည်ပနယ်မြေသို့ ကုန်းလမ်းမှ ဖြတ်သန်းသွား လာခွင့်အတွက် ခွင့်ပြုချက်ပါမစ်ကို ကုန်းလမ်းအကောက်ခွန်စခန်းရှိ သက်ဆိုင်ရာ တာဝန်ခံအရာရှိထံ စာဖြင့် လျှောက်ထားရမည်။[၆]

(၂) အကောက်ခွန်ပေးဆောင်ပြီးသည့် ကုန်စည်ဖြစ်လျှင် သို့မဟုတ် အကောက်ခွန်ကင်းလွတ်သည့် ကုန်စည်ဖြစ်ကြောင်း ကုန်းလမ်းအကောက်ခွန်အရာရှိက တွေ့ရှိလျှင် ကုန်းလမ်းအကောက်ခွန်အရာရှိသည် အကောက်ခွန်ပေးဆောင်ပြီး ကုန်စည်ဖြစ်ကြောင်း သို့မဟုတ် အကောက်ခွန်ကင်းလွတ်သည့် ကုန်စည်ဖြစ်ကြောင်း မှန်ကန်ကြောင်း အတည်ပြုသည့် ခွင့်ပြုချက်ပါမစ် တစ်စောင်ကို ကိစ္စရပ်အလိုက် ထုတ်ပေးရမည်။

[၆] ၂၀၁၅ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ (ဥပဒေအမှတ် ၁၄/၂၀၁၅) ပုဒ်မ ၄ အရ အစားထိုးသည်။

(၃) ကုန်းလမ်းအကောက်ခွန်အရာရှိတစ်ဦးဦးသည် ကုန်စည်ကို ပြည်ပနယ်မြေမှ သို့မဟုတ် ပြည်ပနယ်မြေသို့ ကုန်းလမ်းမှ တင်သွင်းကြောင်း သို့မဟုတ် တင်ပို့မည်ဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိပါက ထိုအရာရှိသည် ကုန်စည်၏ တာဝန်ခံပုဂ္ဂိုလ်တစ်ဦးဦးကို ယင်းကုန်စည်အတွက် ခွင့်ပြုချက်ပါမစ်အား တင်ပြရန် တောင်းဆိုနိုင်၍ ခွင့်ပြုချက်ပါမစ် တင်ပြနိုင်ခြင်း မရှိသော သို့မဟုတ် တင်ပြသည့် ခွင့်ပြုချက်ပါမစ်တွင် ဖော်ပြထားသည့် သတ်မှတ်ချက်နှင့် ကိုက်ညီမှု မရှိသော အကောက်ခွန်ပေးဆောင်ရမည့် ကုန်စည်ကို ထိန်းသိမ်းထားရမည့်အပြင် နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

သို့ရာတွင် ဤပုဒ်မခွဲပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ဖော်ပြပါကိစ္စအလို့ငှာ သတ်မှတ်ထားသည့် လမ်းကြောင်းဖြင့် ပြည်ပနယ်စပ်တစ်ခုမှ ဖြတ်သန်းသယ်ဆောင်၍ ကုန်းလမ်းအကောက်ခွန်စခန်း တစ်ခုသို့ တင်သွင်းလာသည့် ကုန်စည်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

(၄) ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသည့် ကုန်းလမ်းအကောက်ခွန်ဧရိယာ တစ်ခုခုတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ဤပုဒ်မအရ သီးခြားပြဋ္ဌာန်းချက်များသည် အမျိုးအစား တစ်ခုခု သို့မဟုတ် တန်ဖိုးတစ်စုံတစ်ရာ သတ်မှတ်ထားသည့် ကုန်စည်နှင့် စပ်လျဉ်း၍ သက်ဆိုင်ခြင်း မရှိကြောင်း ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်၍ ညွှန်ကြားနိုင်သည်။

တစ်ကိုယ်ရေသုံးဝန်စည်။

၆။ ကုန်းလမ်းအကောက်ခွန်အရာရှိက ခရီးသည်တစ်ဦးဦး၏ ကုန်းလမ်းမှ တင်သွင်းသည့် သို့မဟုတ် တင်ပို့သည့် ကုန်စည်တစ်ရပ်ရပ်အား ခရီးသည် အမှန်တကယ် အသုံးပြုသည့် တစ်ကိုယ်ရေသုံးဝန်စည်ဖြစ်ကြောင်း ကျေနပ်မှုရှိလျှင် အကောက်ခွန်ကင်းလွတ်ခွင့် ပြုရမည်။

ပြစ်ဒဏ်များ။

၇။ (၁) မည်သူမဆို-

(က) ပုဒ်မ ၅ တွင် ရည်ညွှန်းသည့် ခွင့်ပြုချက်ပါမစ် လိုအပ်သည့် ကိစ္စတစ်ရပ်ရပ်တွင် ယင်းခွင့်ပြုချက်ပါမစ် မရှိဘဲ ကုန်းလမ်းအကောက်ခွန်စခန်းတစ်ခုခုမှ တစ်ဆင့်ပြည်ပနယ်မြေမှ သို့မဟုတ် ပြည်ပနယ်မြေသို့ ကုန်စည်ကို ကုန်းလမ်းမှ ဖြတ်သန်းသယ်ဆောင်လျှင် သို့မဟုတ် ဖြတ်သန်းသယ်ဆောင်ရန် အားထုတ်လျှင်၊ သို့မဟုတ်

(ခ) ဤအက်ဥပဒေအရ ကုန်စည်ဖြတ်သန်းသယ်ဆောင်မှုအတွက် သတ်မှတ်ထားသည့် လမ်းကြောင်းရှိလျှင် ယင်းလမ်းကြောင်းမှတစ်ပါး အခြားလမ်းကြောင်းတစ်ခုဖြင့် ပြည်ပနယ်မြေမှ သို့မဟုတ် ပြည်ပနယ်မြေသို့ဖြစ်စေ၊ ကုန်းလမ်းအကောက်ခွန်စခန်းတစ်ခုခုမှ သို့မဟုတ် ကုန်းလမ်းအကောက်ခွန်စခန်းတစ်ခုခုသို့ဖြစ်စေ ကုန်စည်ကို ပို့ဆောင်လျှင် သို့မဟုတ် ပို့ဆောင်ရန် အားထုတ်လျှင်၊ သို့မဟုတ်

(ဂ) ကုန်စည်ကို ထိုသို့ ဖြတ်သန်းသယ်ဆောင်ရာတွင်ဖြစ်စေ၊ ပို့ဆောင်ရာတွင်ဖြစ်စေ ကူညီလျှင် သို့မဟုတ် ကုန်စည်ကို ဖြတ်သန်းသယ်ဆောင်ပြီးဖြစ်ကြောင်း သို့မဟုတ် ပို့ဆောင်ပြီးဖြစ်ကြောင်း သိလျက်နှင့် ယင်းကုန်စည်ကို ထိန်းသိမ်းထားလျှင် သို့မဟုတ် သိုဝှက်ထားလျှင် သို့မဟုတ် ကုန်စည်ကို ထိန်းသိမ်းထားရန် သို့မဟုတ် သိုဝှက်ထားရန် အလို့ငှာ ခွင့်ပြုလျှင် သို့မဟုတ် ရယူလျှင်၊

ကုန်စည်၏တန်ဖိုး သုံးဆထက်မပိုသော ငွေဒဏ်ကို ချမှတ် ခံထိုက်စေနိုင်သည့်အပြင် ကျူးလွန်ခဲ့သော ပြစ်မှုနှင့် စပ်လျဉ်းသည့် ကုန်စည်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။[၇]

[၇] ၂၀၁၅ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ဥပဒေအမှတ် ၁၄/၂၀၁၅) ပုဒ်မ ၅ အရ စကားရပ် ပြင်ဆင်သည်။

(၂) အကောက်ခွန်စည်းကြပ်ထိုက်သည့် ကုန်စည် သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အတွင်းသို့ဖြစ်စေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ သတ်မှတ် နယ်မြေအစိတ်အပိုင်းတစ်ခုခုသို့ ဖြစ်စေ ကုန်းလမ်းဖြင့် သယ်ဆောင်ခြင်း သို့မဟုတ် ယူဆောင်သွားခြင်းကို တားမြစ်ကြောင်း ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေ ပုဒ်မ ၁၉ အရ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန် တားမြစ်ထားသောကုန်စည်တစ်မျိုးမျိုးကို ပြည်ပနယ်မြေ တစ်ခုခုမှ ကုန်းလမ်းဖြင့် ဖြတ်သန်းသယ်ဆောင်လာပြီး ယင်းကုန်စည်နှင့် စပ်လျဉ်း၍ ပုဒ်မခွဲ (၁) အရ ပြစ်မှုတစ်ရပ် ကို ကျူးလွန်ခဲ့ကြောင်းနှင့် ထိုပုဒ်မခွဲတွင် သတ်မှတ်ထား သည့် ပြစ်ဒဏ်သည် လုံလောက်ခြင်း မရှိကြောင်း ကုန်းလမ်းအကောက်ခွန်အရာရှိက ထင်မြင်ယူဆလျှင် စီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားသူကြီးထံ တိုင်လျှောက်နိုင်သည်။

(၃) ထိုရာဇဝတ်တရားသူကြီးသည် ယင်းကိစ္စအား စုံစမ်းမေး မြန်း၍ တရားခံအပေါ် စွဲချက်တင် စစ်ဆေးစီရင်ရမည် ဖြစ်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လ အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသိန်း[၈] ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပြီး ကျူးလွန်ခဲ့သော ပြစ်မှုနှင့် စပ်လျဉ်းသည့် ကုန်စည်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

အချို့သောနေ့ရက်များ သို့မဟုတ် အချို့သော အချိန်များ၌ ဖြတ်သန်း သယ်ဆောင်ခြင်း မပြုရမည့် ကုန်စည်။

၈။ တာဝန်ခံ ကုန်လမ်းအကောက်ခွန်အရာရှိ၏ အထူးခွင့်ပြုချက် မှတစ်ပါး တစ်ကိုယ်ရေသုံးဝန်စည် သို့မဟုတ် အစိုးရပိုင်ကုန်စည် သို့မဟုတ် ချောစာထုပ်မဟုတ်သည့် မည်သည့်ကုန်စည်ကိုမျှ ကုန်းလမ်း အကောက်ခွန်စခန်းတစ်ခုခု၌-

[၈] ၂၀၁၅ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ဥပဒေအမှတ် ၁၄/၂၀၁၅) ပုဒ်မ ၅ အရ စကားရပ် ပြင်ဆင်သည်။

(က) အများပြည်သူအလုပ်ပိတ်ရက် သို့မဟုတ် အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယင်းကုန်းလမ်း အကောက်ခွန်စခန်း၌ ကုန်စည်ဖြတ်သန်း သယ်ဆောင်ခြင်း သို့မဟုတ် ပေးအပ်ခြင်း မပြုရန် ပြန်တမ်းတွင် အမိန့် ကြော်ငြာစာဖြင့် တားမြစ်ထားသည့်နေ့ရက်တွင် ဖြစ်စေ၊

(ခ) အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမိန့် ကြော်ငြာစာကဲ့သို့ စာဖြင့် သတ်မှတ်ထားသော အချိန်များ အတွင်း မကျရောက်သည့်နေ့ရက်တွင်ဖြစ်စေ

ပေးအပ်ခြင်း သို့မဟုတ် ဖြတ်သန်းသယ်ဆောင်ခြင်း မပြုရ။

ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေနှင့် သက်ဆိုင်ခြင်း။

၉။ (၁) ဇယားဖြင့် သတ်မှတ်ထားသည့် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ယင်း အက်ဥပဒေအရ ထုတ်ပြန်ထားသည့်၊ ပြဋ္ဌာန်းထားသည့် သို့မဟုတ် သတ်မှတ်ထားသည့် အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ နည်းဥပဒေများ သို့မဟုတ် ပုံစံများသည် ပင်လယ်ကြောင်းမှ တင်သွင်းသည့် သို့မဟုတ် တင်ပို့သည့် ကုန်စည်အား အကောက်ခွန်စည်းကြပ်သည့် ကိစ္စ ရပ်တွင် (သို့မဟုတ် ယင်းပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း သည့် အခြားကိစ္စရပ်များအတွက်)[၉] အကျိုးသက်ရောက် သက်ဆိုင်မှု ရှိသရွေ့ ဤအက်ဥပဒေအရ ကုန်းလမ်း အကောက်ခွန်စည်းကြပ်သည့် ကိစ္စရပ်နှင့်လည်း သက်ဆိုင် စေရမည်။

(၂) အဆိုပါ သက်ဆိုင်သည့် ကိစ္စရပ်အလို့ငှာ ဖော်ပြပါ ပြဋ္ဌာန်း ချက်များ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ နည်းဥပဒေ များနှင့် ပုံစံများ၏ အနှစ်သာရကို မထိခိုက်စေဘဲ ဖော်ပြပါ ကိစ္စရပ်အတွက် ယင်းတို့ကို လိုအပ်သလို သို့မဟုတ် သင့်လျော်သလို ပြင်ဆင်ချက်များဖြင့် အဓိပ္ပာယ်ကောက် ယူနိုင်သည်။ အထူးသဖြင့်-

---

၉ ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၃ အရ ဖြည့်စွက်သည်။

(က) ပြည်ပမှ တင်သွင်းလာသော ပစ္စည်းစာရင်းနှင့် သဘော်ာကုန်တင်လက်မှတ်နှင့် စပ်လျဉ်းသည့် ရည်ညွှန်းချက်များကို ပုဒ်မ ၅ တွင် ရည်ညွှန်းဖော်ပြထားသော တင်သွင်းခွင့်ပါမစ် လျှောက်လွှာများနှင့် တင်ပို့ခွင့်ပါမစ် လျှောက်လွှာများနှင့် စပ်လျဉ်းသည့် ရည်ညွှန်းချက်များအဖြစ် အသီးသီး မှတ်ယူရမည်။

(ခ) * * * *[၁၀]

(ဂ) အကောက်ခွန်ကော်လိတ်တော်အရာရှိဟု ရည်ညွှန်းချက်များကို တစ်ချိန်တည်းတွင် ကုန်းလမ်းအကောက်ခွန်စခန်းကို ကြီးကြပ်သော အခွင့်ရအကောက်ခွန်အရာရှိ သို့မဟုတ် ကြီးကြပ်သူအရာရှိ၏ တာဝန်အားလုံး သို့မဟုတ် အထူးတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် နည်းလမ်းတကျ အခွင့်အာဏာအပ်နှင်းထားခြင်း ခံရသူကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

(ဃ) အကောက်ခွန်ရုံးနှင့် စပ်လျဉ်းသည့် ရည်ညွှန်းချက်များကို ကုန်းလမ်းအကောက်ခွန်စခန်းနှင့် စပ်လျဉ်းသည့် ရည်ညွှန်းချက်များအဖြစ် မှတ်ယူရမည်။

(င) အကောက်ခွန်ဆိပ်ကမ်းနှင့် စပ်လျဉ်းသည့် ရည်ညွှန်းချက်များကို ကုန်းလမ်းအကောက်ခွန်ဧရိယာနှင့် စပ်လျဉ်းသည့် ရည်ညွှန်းချက်များအဖြစ် မှတ်ယူရမည်။

(စ) ပြည်ပဆိပ်ကမ်းနှင့် စပ်လျဉ်းသည့် ရည်ညွှန်းချက်များကို ပြည်ပနယ်မြေနှင့် စပ်လျဉ်းသည့် ရည်ညွှန်းချက်များအဖြစ် မှတ်ယူရမည်။

---

[၁၀] ၁၉၅၆ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန် (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၉ အရ ပယ်ဖျက်သည်။

(ဆ) အကောက်ခွန်ဆိပ်ကမ်းသို့ ပင်လယ်ကြောင်းဖြင့် သယ်ယူခဲ့သည့် ကုန်စည်နှင့် အကောက်ခွန် ဆိပ်ကမ်း၌ သဘော်တင်ပြီးသော သို့မဟုတ် သဘော်တင်ရန် သယ်ဆောင်လာသော ကုန်စည်နှင့် စပ်လျဉ်းသည့် ရည်ညွှန်းချက်များသည် ကုန်းလမ်း အကောက်ခွန်ဧရိယာ အတွင်းသို့ ပြည်ပနယ်စပ်ကို ဖြတ်သန်း၍ သယ်ဆောင်လာသည့် ကုန်စည်နှင့် ပြည်ပသို့ တင်ပို့ရန်အတွက် ကုန်းလမ်းအကောက်ခွန် စခန်းသို့ သယ်ဆောင်လာသော ကုန်စည်နှင့် စပ်လျဉ်းသည့် ရည်ညွှန်းချက်များအဖြစ် အသီးသီး မှတ်ယူရမည်။

(ဇ) အကောက်ခွန်အရာရှိများဟု ရည်ညွှန်းချက်များကို ဤအက်ဥပဒေအရ ခန့်အပ်ထားသည့် ကုန်းလမ်း အကောက်ခွန်အရာရှိ သို့မဟုတ် ကုန်းလမ်း အကောက်ခွန်ကော်လိတ်တော်အရာရှိများကို ရည်ညွှန်း သည်ဟု မှတ်ယူရမည်။

(ဈ) ဆိပ်ကမ်းတစ်ခုခုရှိ ရေယာဉ် သို့မဟုတ် လေယာဉ် တစ်စင်းစင်းပေါ်ရှိသူများ သို့မဟုတ် ရေယာဉ် သို့မဟုတ် လေယာဉ်တစ်စင်းစင်းပေါ်မှ ဆင်းလာသူများ နှင့် သက်ဆိုင်သည့် ရည်ညွှန်းချက်များကို ပြည်ပ နယ်နိမိတ်မှ ကုန်းလမ်းအကောက်ခွန်နယ်မြေသို့ မည်သည့်နည်းလမ်းနှင့်မဆို[၁၁] ဝင်ရောက်လာသူ များနှင့် သက်ဆိုင်သည့် ရည်ညွှန်းချက်များ အဖြစ် မှတ်ယူရမည်။ ထို့ပြင်

(ည) ဤအက်ဥပဒေ၏ ရည်ရွယ်ချက် သို့မဟုတ် ကိစ္စများ အလို့ငှာ **"ဤအက်ဥပဒေ"** ဟု ရည်ညွှန်း ချက်များသည် ကိစ္စရပ်အလိုက် လိုအပ်သလို

[၁၁] ၂၀၁၅ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ဥပဒေအမှတ် ၁၄/၂၀၁၅) ပုဒ်မ ၆ အရ ဖြည့်စွက်သည်။

ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ၏
ရည်ညွှန်းချက်များအဖြစ် မှတ်ယူရမည်။

နည်းဥပဒေပြုနိုင်သည့် အာဏာ။

၁၀။ [၁၂]ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင်-

(က) ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများနှင့် စည်းမျဉ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် အကောက်ခွန်ဦးစီးဌာနသည် လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

**ဇယား**[၁၃]

ကုန်းလမ်းအကောက်ခွန် အခွန်စည်းကြပ်ရန်နှင့် အခြားကိစ္စရပ်များအတွက် သက်ဆိုင်စေမည့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပြဋ္ဌာန်းချက်များ

ပုဒ်မ ၄၊ ၈ မှ ၁၀ အထိ၊ ၁၉-က၊ ၂၁၊ ၂၃၊ ၂၅၊ ၂၆၊ ၂၉ မှ ၃၆ ထိ၊ ၃၇ (ခြွင်းချက်မှတစ်ပါး)၊ ၃၈ မှ ၄၀ ထိ၊ ၈၈၊ ပုဒ်မ ၁၆၇ နံပါတ် ၁၊ ၈၊ ၉၊ ၃၇ မှ ၄၀ ထိ၊ ၇၂ မှ ၇၈ ထိ၊ ၇၈-က၊ ၇၉ နှင့် ၈၀၊ ပုဒ်မ ၁၆၇-က၊ ပုဒ်မ ၁၆၇-ခ၊ ပုဒ်မ ၁၆၈ မှ ၁၇၂-က၊ ၁၇၃ မှ ၁၇၆ ထိ၊ ၁၇၈ မှ ၁၈၁ ထိ၊ ၁၈၂ မှ ၁၈၄၊ ၁၈၆၊ ၁၈၆-က၊ ၁၈၇ မှ ၁၉၄၊ ၁၉၄-က၊ ၁၉၅ မှ ၁၉၇ ထိ[၁၄] နှင့် ၂၀၀ မှ ၂၀၄ ထိ။

---

[၁၂] ၂၀၁၅ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ဥပဒေအမှတ် ၁၄/၂၀၁၅) ပုဒ်မ ၇ အရ ဖြည့်စွက်သည်။

[၁၃] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၃ အရ ဖြည့်စွက်သည်။

[၁၄] ၁၉၅၆ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန် (ပြင်ဆင်ချက်) အက်ဥပဒေ (ဥပဒေအမှတ် ၁၃/၁၉၅၆) ပုဒ်မ ၁၀ အရ ဖြည့်စွက်သည်။